ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

**အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန**

ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၄) လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည် –

(က) ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Public Policy and Administration) (အချိန်ပိုင်းသင်တန်း)

( ခ ) စာရင်းအင်းပညာဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Statistics) (အချိန်ပိုင်းသင်တန်း)

၂။ သင်တန်းကာလမှာ (၉)လ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့ထိ ဖြစ်ပါသည်။ သင်တန်းကို ညနေ (၅:၃၀) နာရီမှ ညနေ (၇:၃၀)နာရီထိ ပို့ချမည်ဖြစ်ပါသည်။

၃။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် –

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်။

( ခ ) အခြား သင်တန်းတက်ရောက်နေသူ မဖြစ်စေရ။

( ဂ ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) စာရင်းအင်းပညာဘွဲ့လွန် ဒီပလိုမာသင်တန်းအတွက် သက်ဆိုင်ရာဌာန၏ စာရင်းအင်းယူနစ်တွင် တာဝန်ထမ်းဆောင်နေသူကို ဦးစားပေးမည်။

(င) ဝန်ထမ်းများသည် သက်ဆိုင်ရာဌာန အကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ ဝင်ခွင့်လျှောက်လွှာပုံစံများကို (၁-၁၁-၂၀၁၉) ရက်နေ့မှစ၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနတွင် ဝယ်ယူပြီး (၂၀-၁၁-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနတွင် လျှောက်ထားရမည်။

၅။ သင်တန်းဝင်ခွင့် ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည့်အစီအစဉ်ကို အသိပေးကြေညာပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန ၀၆၇-၃၄၁၈၃၈၅ နှင့် ဒေါက်တာကျော်ဆန်း၊ ညွှန်ကြားရေးမှူး (သင်တန်း)၊ ၀၆၇-၃၄၁၈၃၈၂ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါကြောင်းနှင့် Website address : www.mopf.gov.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေငြာအပ်ပါသည်။